# ရှင်မြတ်နိုး

## ရင်ထဲမှာ
## ရှင်ပဲရှိတယ်



GRAPHIC DESIGN
THEE ZAR

# အခန်း(၁)

လာကြိုမယ့်သူမရှိသော၊ ရထားဆင်းခရီးသည် တစ်ဦး၏ အခက်အခဲသည် ဤမျှကြီးမားလိမ့်မည်ဟု မထင်ခဲ့မိပါ။ သူ့အတွက် ပိုပြီးအခြေအနေဆိုးသွားတာက ဘူတာရုံထဲ ရထားဆိုက်ခါမှ ပဲ ဆိုင်းမဆင့်ဗုံမဆင့် ရွာချလိုက်တဲ့ မိုးကြောင့်လည်း ပါဝင်၏။

ရထားပေါ်မှ အဆင်း ခန္ဓာကိုယ်ပေါ်သို့ ရေစက်အနည်းငယ် စိုထင်သွား၏။ ဂစ်တာထည့်ထားသော သားရေအိတ်ကြီးကို စလွယ်သိုင်းပြီး လက်တစ်ဖက်က သားရေအိတ်တစ်လုံးကို ကိုင်ဆွဲထားသော သူ့ကို လူတချို့က ဖျတ်ခနဲ လှမ်းကြည့်၏။

သားရေလည်သာ အနက်ရောက်ကုတ်၊ မျက်မှန်အနက်ရောင်နှင့် ဂျင်းဘောင်းဘီအပြာနုကို ဝတ်ဆင်ထားသော အရပ်မြင့်မြင့်၊ ကိုယ်ခန္ဓာတောင့်တောင့်တင်းတင်းနှင့် ရုပ်ရည်ချောမောလွန်းတဲ့ သူ့ပုံစံက မသိလျှင် နိုင်ငံခြားမင်းသား တွမ်ခရု(ခ်)လိုလို။

တိုရှင်းရှင်းဆံပင်ကို နားသယ်ဒေါင့်လေးဒေါင့်စပ်စပ် ပုံဖော်ညှပ်ထားကာ ဘေးဘီဝဲယာကို အလေးထား ဂရုစိုက်ခြင်းမရှိ၊ တည်ကြည်သောမျက်နှာ၊ ထီမထင်သော ပုံစံလေးတွေက လူအများ စိတ်ဝင်စားစရာဖြစ်နေတာတော့ အမှန်ပါပဲ။

ဒါ ...။

တမင်တကာ လုပ်ယူထားခြင်းမဟုတ်၊ ပင်ကိုယ်ပုံစံကိုက အခုလိုပဲ ဆောင့်ကြွားကျွတ်ဆတ်ဆတ်ပုံစံ ဖြစ်နေတာလေ။

အငြိုးကြီးစွာပင် ယခုမှ သည်းသည်းလှုပ် ရွာချနေသော မိုးကိုကြည့်ပြီး စိမ်းညို့ညို့မျက်ခုံးထူတန်းတန်းကြီး နှစ်ဖက် ကျုံ့တက်သွားရပေမဲ့ သူ့ခြေလှမ်းတွေကိုတော့ ရပ်တန့်စောင့်ဆိုင်းဖို့ စိတ်မကူးမိပါ။

ဘူတာရုံထဲကနေ ...

သူအပြင်ကို ထွက်လိုက်တာနဲ့ အေးစိမ့်သော အတွေ့အထိနှင့်အတူ တစ်ကိုယ်လုံး မိုးရေတွေ ရွှဲနစ်သွား၏။ မျက်နှာဆီသို့ ကျလာတဲ့ မိုးစက်များကို သုတ်ဖယ်ခြင်း အလျှင်းမရှိစွာ ခံယူရင်း တက္ကစီကားများ ဆီအသွား ...

"ညီလေး ... ကားငှားမလို့ လား"

"ဗျာ"

"ကားငှားမလားလို့ မေးတာ"

တဝေါဝေါ မိုးသံကြောင့် သူ့ရှေ့တွင် ထီးကလေးဆောင်းကာ ပိတ်ရပ်မေးလိုက်တဲ့ လူတစ်ယောက်ကြောင့် ပထမ သူကြောင်တောင်တောင် ဖြစ်သွားမိသေး၏။ ပြီးမှ လက်ရှိအဖြစ်ကို သတိရကာ အလျင်အမြန် ခေါင်းညိတ်ပြလိုက်မိသည် ။

"ဘယ်ကို သွားမလို့ လဲ ညီလေး"

"အလုံမြို့နယ်ကိုပါ၊ ဒီမှာ လိပ်စာ"

ရေးမှတ်ထားသော ကတ်ပြားလေးကို ကားသမားလက်ထဲ ထိုးပေး

လိုက်သည် ဆိုလျှင်ပဲ ...

"ကဲ ... ကားပေါ်တက် ညီလေး၊ ရော့ ... မင်းရဲ့ ကတ်ပြား"

"ဟုတ်ကဲ့"

"အဝတ်အစားထုပ်တွေ ကားနောက်ဖုံးထဲထည့်လိုက်နော်"

"ဩော် ... ဟုတ်"

ကားနောက်ဖုံးကို ထည့်လိုက်ပြီး ကားရှေ့ခန်းတွင် သူဝင်ထိုင်လိုက်သည် ။ အစကတော့ မိုးရေတွေ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသဖြင့် အငှားကားဆရာကို အားနာမိပေမဲ့ ဘယ်လိုမှ မတတ်နိုင်တော့ချေ။ သူ့ကြောင့် ကားဆိုဖာခုံတွင် ရေစိုတော့မည့်အရေး မတွေးဘဲ ကားတံခါးဖွင့်လိုက်တော့ ထိုင်ခုံတစ်ခုလုံး ပလတ်စတစ်အကြည်ရောင် ကပ်ထားတာ မြင်လိုက်ချိန်တွင် သူ့စိတ်တွင် လုံခြုံသွားရသည် ။

ကားလေးထဲ သူဝင်လိုက်ချိန်တွင် ...

"ရော့ ... ညီလေး ရေတွေ နည်းနည်းသုတ်လိုက်ဦး၊ အစ်ကို မျက်နှာသုတ်ပဝါက အသန့်ပါ"

"ကျေးဇူးပဲဗျ"

ဒီတစ်ခါတော့ ...

တည်တင်းချောမောလွန်းတဲ့ မျက်နှာလေးနဲ့ မလိုက်အောင် ခပ်တင်းတင်းစေ့ပိတ်ထားတဲ့ နှုတ်ခမ်းလေးတွေထက်တွင် နုသစ်သော အပြုံးလေးတစ်ပွင့် ဖျတ်ခနဲ ပွင့်သွားရသည် ။

ဒီကားဆရာ မဆိုးဘူး။

စီးနင်းလိုက်ပါတဲ့ ပါစင်ဂျာအပေါ် အလေးအနက်ထား၏။

နောက်ပြီး ကားမောင်းစားသော သူ့လုပ်ငန်းအပေါ်လည်း အာရုံစူးစိုက်မှုများ သည် ။ လိပ်စာကတ်ကို တစ်ချက်သာယူကြည့်ပြီး နောက်တစ်ကြိမ် ထပ်မမေးတော့ဘဲ ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်နေပုံလေးကို ကြည့်ပြီး သမိုင်းသစ်တစ်ယောက် အထင်ကြီးသွားမိသည် ။

"ညီလေးက မန္တလေးသားလား"

"ဗျာ"

"မန္တလေးက လာတာလားလို့ မေးတာ"

"ဗျာ ... ဩော် ဟုတ်တယ်ခင်ဗျ၊ ကျွန်တော် မန္တလေးက လာတာပါ"

"လေသံနားထောင်တာနဲ့ တင် ကိုယ်သိပါတယ်၊ ဒါ အထက်အလယ်ပိုင်းက လေသံအသုံးအနှုန်းတွေလေ"

"ဗျာ"

ဒီတစ်ခါတော့ သမိုင်းသစ်တစ်ယောက် မျက်လုံးမပြူးဘဲ မနေနိုင်တော့ပါ။ ဒီလူတွင် ခိုအောင်းနေသော ထူးခြားချက်များက သူ့အတွက်တော့ တကယ့်ကို အထင်ကြီးစရာတွေချည်းပဲ ဖြစ်နေသည် ။

"ကိုယ့်ကို အံ့ဩနေလား"

"ဗျာ"

"ခဏာ ... ခဏာ စောင်းငဲ့ကြည့်တဲ့ မျက်လုံးတွေမှာ တစ်စုံတစ်ခု စွန်းထင်းနေသလိုပဲ"

ဟော ...။

ကြည့်စမ်း။

ဒီလူ ... တစ်ဖက်သားရဲ့ စိတ်အာရုံထဲ ဘာတွေဖြစ်နေသလဲဆိုတာ

အချက်ကိုပါ တိတိကျကျ ဆွဲထုတ်ပြနိုင်ပြန်ပြီ။ မျက်နှာရိပ်ဖမ်းပြတဲ့ နေရာမှာ လည်း လျှင်သလားမမေးနဲ့။

တစ်ယောက်တည်း ငေါင်စင်းစင်းလိုက်ပါသွားရတာထက်စာလျှင် ကားတစ်စီးထဲတွင် အတူတူလိုက်ပါနေချိန်တွင် တော့ အပျင်းပြေ စကားပြောဖော်လေးလုပ်တာ အကောင်းဆုံးပဲဟု သူစိတ်ဆုံးဖြတ်လိုက်သည်။

"ဟုတ်တယ်ဗျ ... ကျွန်တော် ခင်ဗျားကားပေါ်တက်ကတည်းက သတိထားမိသွားတာ ခင်ဗျားက တကယ့်ကို ထူးခြားတဲ့ လူပဲ"

"ဟေ"

"နံပါတ်(၁) အလုပ်အပေါ် အာရုံစူးစိုက်မှု၊ နံပါတ်(၂) စေ့စေ့စပ်စပ်ရှိမှု၊ နံပါတ်(၃) ပါစင်ဂျာရဲ့ စိတ်ကို ဖမ်းစားနိုင်မှု၊ အဲဒီအချက်တွေနဲ့ တကယ့်ကို ပြည့်စုံပြီး သိပ်တော်တဲ့ လူပဲ"

"ဟား ... ဟား ဒီနေ့တော့ တကယ့်လူကိုမှ ကားပေါ်ခေါ်တင်မိတာပဲ ဟေ့၊ ဟား ... ဟား မင်းပြောတာနဲ့ ကိုယ့်ကိုယ်ကိုယ်တောင် ဘဝင်မြင့်ချင်သွားပြီ၊ ဟား ... ဟား"

"ဆောရီးကွာ ... ဆောရီး၊ ဟား ... ဟား၊ ကဲ ... ကဲပြောစမ်းပါဦး ကိုယ့်ကို ဘယ်လိုအချက်တွေကြောင့် ချီးကျူးတာလဲ"

"ဒီလိုလေဗျာ ... မိုးတွင်းကာလပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကားဆိုဖာခုံတွေ ဒီအတိုင်းထားတဲ့ သူတွေ ရှိတယ်မဟုတ်လား၊ အစ်ကို့ကားက ပလတ်စတစ်တွေ ကြိုတင်အုပ်ထားတယ်ဗျာ။

ပြီးတော့ လိပ်စာကဒ် တစ်ချက်ပဲကြည့်ပြီး ကျွန်တော့်ကို ဒုတိယအကြိမ် ပြန်မမေးဘဲ တိတိကျကျမောင်းဖို့ ကြိုးစားတယ်၊ အဲဒီအ

ချက်တွေအပြင် စကားပြောသံ ခွဲခြားတတ်မှုတွေလေဗျာ"

"သြော် ... ဒါတွေလား၊ ဟား ... ဟား မသိပါဘူးကွာ၊ မင်းခေါင်းစဉ် တပ်လိုက်တဲ့ အချက်ကြီးတွေက တအားကို ကြီးမားလွန်းလို့ ကိုယ့်ကိုယ်ကိုယ်တောင် မြောက်သွားတာပဲ၊ ဒီလို ညီလေးရ မင်းအသံကြားတာနဲ့ ရန်ကုန်သား မဟုတ်ဘူး ဆိုတာ ကိုယ်သိလိုက်ပြီ၊ ရန်ကုန်သားတွေက စကားပြောတိုင်း ဘယ်တော့မှ ဗျနဲ့ အဆုံးမသတ်တတ်ကြဘူးလေ"

"သြော် ... ဟုတ်ပြီ"

သမိုင်းသစ် သေသေချာချာလေး စူးစိုက်ကာ နားထောင်နေမိပြန်၏။

"ပြီးတော့ ဒီနှစ်မိုးတွင်းမှာ မှ ပလတ်စတစ်မအုပ်ရင် ငါ့ယောက္ခမနဲ့ ငါနဲ့ နောင်ကျိန်ပလေးပြီး သူ့သမီးရော ကားပါပြန်သိမ်းသွားမှာ စိုးလို့ ရှိစုမဲ့စုလေးနဲ့ လုပ်ထားရတာကွ၊ ဒီကားက ယောက္ခမကြီး အပိုင်ပစ္စည်းလေကွာ၊ ငါ့ကို ခဏပေးမောင်းထားတာ"

"ဟွန်း ... ဟွန်း"

"နောက်ပြီး မင်းသွားမယ့်လိပ်စာက ငါနေတဲ့ နေရာလေ၊ ဘေးချင်းယှဉ်လျက် တိုက်တန်းကဆိုတော့ ဘာထပ်ကြည့်စရာလိုတော့မလဲ ညီလေးရ"

"ဟောဗျာ ... ဒီလိုလား၊ ဖြစ်မှ ဖြစ်ရလေဗျာ၊ အဟွန်း ... ဟွန်း ကျွန်တော့်မှာ တော့ အထင်တွေ စွတ်ကြီးလိုက်ရတာဗျာ"

"ဟော့ ... ဟော့ ကြီးလက်စနဲ့ စွတ်ကြီးပေါ့ကွာ၊ ပြန်တော့ မရုပ်သိမ်းပါနဲ့ "

"ဟာဗျာ ... ဟွန်း ... ဟွန်း"

"ဒါနဲ့ ... မင်းတစ်ယောက်တည်းလား"

"ဟုတ်တယ်ဗျ၊ တစ်ယောက်တည်းပဲနေမှာ ၊ ကျွန်တော့်သူငယ်ချင်း တိုက်ခန်းလေ၊ သူနိုင်ငံခြားထွက်သွားလို့ အခန်းလွတ်ကို အပ်သွားတာ"

"အေး ... ကောင်းတယ်၊ ကောင်းတယ်၊ ဒါမှ ငါတို့ ပွဲကြီးပွဲကောင်း ကြည့်ရမှာ ကွ"

"ဗျာ ... ဘယ် ... ဘယ်လို"

"ဘယ်လိုမှ မနေနဲ့ ၊ ရှေ့ကတိုက်တန်းကြီးကို တွေ့လား၊ အဲဒါမင်းပြောတဲ့ တိုက်ပဲ၊ မင်းက ဘယ်ဘက်တိုက်တံခါးပေါက်က တက်ရမှာ ၊ လေးလွှာဘယ်အခန်းနော်၊ မှတ်မိတယ်မဟုတ်လား"

"ဟုတ်ကဲ့ ... မှတ်မိပါတယ်ဗျ"

"အေးပါကွာ ... ညာဘက်အခန်း မှားခေါက်မိမှာ စိုးလို့ "

"ဗျာ"

"ကဲ ... ကိုယ့်လူ ဆင်းတော့"

အဲ ...။

ပြောလည်း ပြော ကားလေးကိုလည်း တိုက်အထပ်မြင့်ကြီးရှေ့ တိခနဲထိုးရပ်လိုက်ပြီး ကားပေါ်ကနေ သွက်လက်စွာ ဆင်းပြီး နောက်ဖုံးတံခါးဖွင့်ကာ သူ့ပစ္စည်းတွေ ထုတ်ပေးနေတဲ့ တက္ကစီကားသမား အစ်ကိုကြီးကို အားပါးတရ ကြည့်လိုက်မိပါတော့သည် ။

အခုမှ တွေ့ရတယ်ဆိုပေမဲ့ ဖော်ရွေပွင့်လင်းလွန်းတဲ့ ထိုလူကိုသမိုင်းသစ် ခင်မင်မိသွားရ၏။

"ရော့ ... ညီလေး မင်းအထုပ်တွေ"

"ဟုတ်ကဲ့ အစ်ကို၊ ကျေးဇူးပါပဲ၊ မှတ်ထားပါ၊ ကျွန်တော့်နာမည်က သမိုင်းသစ်ပါ"

"သော်ကြာသားပေါ့"

"ဗျာ"

"နေ့ချင်းထပ်ရင် မြတ်တယ်တဲ့ ကွ၊ ကြိုးစားပေါ့"

"ဘာကိုလဲ အစ်ကိုရဲ့ "

"အဟဲ ... ဟဲ ဘာမှ မဟုတ်ပါဘူးကွာ၊ စတာပါ၊ ငါ့ညီက လူချောမို့လို့ ကောင်မလေးချောချောနဲ့ ဆို အိုကေလေကွာ၊ မဟုတ်ဘူး လား"

"ဟာဗျာ ... အစ်ကိုကတော့ လုပ်ပြီ"

"ကဲ ... ကဲ ကားခလေးတော့ မစဦး၊ ကားကို တစ်ခါတည်းသိမ်းတာဆိုတော့ အိမ်ကမိန်းမကို အပြန်မျက်နှာပန်းလှအောင် ပေးရဦးမယ်ကွ"

"ဟောဗျာ ... ဆောရီး ... ဆောရီး၊ ကျွန်တော် မေ့သွားလို့ ရော့ ... ရော့အစ်ကို"

"မင်းကွာ ... မမေ့ကောင်းတာကိုမှ မေ့ရတယ်လို့ "

"ဟုတ်ပါရဲ့ ဗျာ၊ ဟား ... ဟား"

"ကဲ ... ကဲ သော့ဖွင့်ပြီးဝင်သွားတော့၊ ကိုယ်က ဟိုဘက်လှေကားထစ်ကနေတက်ရင် ညာဖက်ပထမထပ်အခန်း၊ အကူအညီလိုရင် လာတောင်းနော်၊ ကိုယ့်နာမည်အောင်မင်းတဲ့ မှတ်ထားဦး"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ"

တက္ကစီကားမောင်းသမား ကိုအောင်မင်းတစ်ယောက် သူ့ကားလေးပေါ် တက်ကာ ကားကို ဘတ်ဆုတ်သွားလေလျှင် သမိုးသစ်သည် လည်း

အိတ်ကပ်ထဲမှ တံခါးသော့တွဲကြီးကို ထုတ်ယူကာ ဝင်ပေါက်တံခါးချပ်ကို စတင်ဖွင့်ရလေသည် ။

တော်ပါသေးရဲ့ ၊ အလွယ်တကူ ပွင့်သွားပေလို့ ပဲ။

ပစ္စည်းထုပ်တွေကို ဆွဲသွင်းဝင်ပြီး တံခါးချပ်ကို သော့ပြန်ခတ်လိုက်၏။

လှေကားထစ်များ အတိုင်း ...

လေးလွှာအထိ ရောက်အောင် တက်လိုက်၏။

အားပါး ...။

လေးလွှာသာဆိုတာ တက်ရတော့ ငါးထပ်၊ ဘယ့်နှယ်ကြောင့် မြေညီထပ်မဝယ်ဘဲ တာဝတိံသာတက်ပြီး ဝယ်ထားရသလဲ မသိပါဘူး။

ဖွီး ...။

မောလိုက်တာ။

ခရီးပန်းလာသည့်အပြင် အနှစ်နှစ်အလလ ပိတ်ထားသော သော့ခလောက်ကြီးတွေကို မနည်းကြိုးစားဖွင့်ရသေး၏။ သံချေးတက်ပြီး သော့တွေက မကောင်းတော့ချေ။ ဘာပဲပြောပြော ရန်ကုန်မြေတစ်ခုလုံး ကျောတစ်ဖျာချစရာဆို၍ ဒီတိုက်ခန်းကလေးသာရှိတာမို့ ကျေးဇူးတော့ တော်တော်လေး တင်မိ၏။

တံခါးတွေကို ဖွင့်လိုက်ပြီး သူ့အထုပ်တွေ နေရာချလိုက်ပြီး အပြင်သံတံခါးကိုပဲ ယာယီပိတ်လိုက်၏။

မှောင်မိုက်သော အခန်းလေးတွင် မီးခြစ်လေးခြစ်ကာ မီးခလုတ်တွေကို စမ်းပြီးဖွင့်လိုက်သည် ။ မီးချောင်းတွေ တစ်ချောင်းမှ လင်းမလာချေ။

ဟင်း …

မယုံကြည်စရာ ကောင်းစွာပင် အရှေ့ဘက်ပြန်လှည့်ကြည့်လိုက်တော့ အရှေ့ခန်းမှ လှေကားအတက်အဆင်းအတွက် ဖွင့်ထားသော မီးလုံးအလင်းရောင်ကို မြင်နေရသည် ။

မီးခြစ်နှင့် အခန်းကို ဝေ့ဝဲကြည့်လိုက်၏။

အားပါးပါး …။

မြင်ရက်စရာတောင် မကောင်းပါလား။ တစ်ခန်းလုံး ပင့်ကူအိမ်တွေနှင့် ပြည့်နှက်နေသည် ။

ကြမ်းပြင်ကို ကြည့်မိတော့ ပိုလို့ တောင် ရင်မောသွားရ၏။

ဖုန်တွေက အလိမ့်လိမ့်တက်လို့ ။

ခရီးပန်းလာသဖြင့် ဇိမ်ကျကျလေး အနားယူမည့် အစီအစဉ်အား သမိုင်းသစ်တစ်ယောက် လုံးလုံးကြီး စွန့်လွှတ်လိုက်ရတော့သည် ။

***

# အခန်း(၂)

ကျွတ် ...။

ပြဿနာပဲ။

ဒီအခန်းက လူတွေကလည်း အစောကြီးရှိသေးတယ်။ အိပ်နေကြပြီလားမသိ။ သမိုင်းသစ် ဒီလောက်ဘဲလ်တွေတီးနေတာရော၊ တံခါးခေါက်နေတာရော မကြားကြချေ။

"ဒေါက် ... ဒေါက်"

"ဗျို့ ... အိမ်ရှင်တို့၊ အိမ်ရှင်တို့ "

"တီးနှောင် ... တီးနှောင်"

ဆူညံသောဘဲလ်သံကြောင့် သဒ္ဒါကြည့် မျက်ဝန်းလေးတွေ ထိလုထိခင်နီးစပ်ကာ ကြုံ့တက်သွားရသည် ။ အိပ်ရာဘေးက ညမီးအုပ်ဆောင်းလေးကို ဖွင့်လိုက်ပြီး သေချာနားစွင့်လိုက်သေးသည် ။

တီးနှောင် ... တီးနှောင်။

သေချာပါသည် ။

သူမရဲ့ အခန်းကို လာပြီး ဘဲလ်တီးနေတာပါ။

ဘယ်သူလဲ။

ဘာကြောင့် ဒီအချိန်ကြီး လာပြီး အခန်းတံခါး လာခေါက်နေရတာလဲ။ သချောတာတစ်ခုက သဒ္ဓါကြည့်ဆီကို တကူးတက အလည်လာမည့်သူမရှိပါ။ ရှိလာအောင်လည်း သူမဘက်က ဘယ်တုန်းကမှ မကြိုးစားခဲ့။

အခန်းမှားခေါက်တာပဲဖြစ်ရမယ်။

သူမ အိပ်ရာထက်ကနေ လူးလဲထပြီး အပြင်သို့ထွက်ခဲ့သည် ။ နာရီကို တစ်ချက်လှမ်းကြည့်လိုက်တော့ ညဆယ်နာရီခွဲတိတိရှိချေ၏။ သစ်သားတံခါးချပ်လေးကို အသာဖွင့်ဟလိုက်၏။ ယောကျ်ားတစ်ယောက်ရဲ့ မျက်နှာကြီးကို ဘွားခနဲ မြင်တွေ့လိုက်ရသည် ။

"အဟဲ ... ဟို ... ဟို ကျွန်တော်က"

ဒုန်း ...။

ဝုန်း ...။

သူ့မျက်နှာကို မြင်လိုက်ရုံနှင့် ပွင့်ဟလာတဲ့ အခန်းတံခါးချပ်ကြီးကို ဒုန်းခနဲ ပြန်ဆောင့်ပိတ်သွားတဲ့ အမျိုးသမီးရဲ့ လုပ်ရပ်ကြောင့် သမိုင်းသစ် ကြောင်ငေးသွားရသည် ။ ဘယ့်နှယ့် လူကိုများ သရဲသဘက် မြင်သလားအောက်မေ့ရတယ်။ ဘာမှ ကို မပြောရသေးခင် မျက်နှာထားတင်းတင်း၊ မျက်လုံးစိမ်းကြီးတွေနဲ့ ကြည့်ပြီး ပြန်ဝင်သွားတာလေ။

တီးနှောင် ... တီးနှောင်။

တီးနှောင်။

သမိုင်းသစ် အခန်းဘဲလ်ကို ပြန်နှိပ်လိုက်မိသည် ။

သူ ...။

တမင်နှောင့်ယှက်လို၍ မဟုတ်ပါ။ နယ်က အခုမှ ပြောင်းရွှေ့လာတဲ့ သူ့အတွက် အရမ်းကို အခက်အခဲဖြစ်နေရသည် ။ မန္တလေးကနေ နံနက် ရထားစီးမိပြီး ရန်ကုန်သို့ဝင်တော့ မိုးကမှောင်နေချေပြီ။

ဒီအချိန် ...

သူများ တွေအိပ်ချိန်ဆိုတာ မှန်ပေမဲ့ တစ်ခန်းလုံး မဲမဲမှောင်မှောင် နေတဲ့ အခန်းလွတ်တွင် ဘယ်လိုမှ ဆက်ပြီး လှုပ်ရှားလို့ မရအောင် ဖြစ် နေရသည် ။ မိုးရေစိုစွတ်နေတဲ့ အဝတ်အစားတစ်စုံကို အဝတ်အိတ်ထဲ က အသစ်တစ်စုံနဲ့ စမ်းတစ်ဝါးဝါး လဲလှယ်နိုင်ပေမဲ့ ထိုင်စရာ နေရာ လေးတစ်ခုတောင် မရှိအောင် ပြည့်နှက်နေသော ခန်းလုံးပြည့် ဖုန်မှုန့်များကို ခဏလောက် လှဲကျင်းဖို့ တံမြက်စည်းတစ်ချောင်းလော က် လိုသည် ။ ယာယီထွန်းဖို့ ဖယောင်းတိုင်အတိုအစလေး တစ်ချောင်း လောက်ဖြစ်ဖြစ် ရချင်သည် ။

ဒါမှ ...။

ဒီညအိပ်စက်ဖို့ သူ့နေရာချနိုင်မည်လေ။

တီးနှောင် ... တီးနှောင်။

ကျွီ။

ဟော ... တံခါးပြန်ပွင့် လာပြီ။ စောစောက အမျိုးသမီးထွက်လာ၏။ သို့သော် အပြင်က သံပန်းတံခါးတစ်ချပ်ကိုတော့ သော့ခတ်ထားသည် ။

သမိုင်းသစ် ... အရမ်းကို အံ့ဩသွားရ၏။

ထိုအမျိုးသမီးရဲ့ နုငယ်ချောမော ဖူးစင်းနေတဲ့ မျက်နှာလေးကို သတိ လက်လွတ် ငေးခနဲ စိုက်ကြည့်သွားမိသည် ။

"ဒီမှာ ... ရှင်ဘယ်လိုလူလဲ။ ဘာဖြစ်လို့ အခန်းဘဲလ်ကို လာနှိပ်နေရတာလဲရှင်"

"ဟို ... ဟို ကျွန်တော်က ဒီရှေ့အခန်းကပါ"

"အဲဒါ ဘာဖြစ်လဲ"

"ဗျာ"

"ရှင့်ဘာသာ ဘယ်အခန်းကပဲဖြစ်ဖြစ် ကျွန်မနဲ့ ဘာဆိုင်လို့ တစ်ချိန်လုံး ဒီဘဲလ်ကို လာနှိပ်နေရတာလဲ၊ နောက်တစ်ခါ ထပ်နှိပ်ရဲနှိပ်ကြည့် ရှင်မလွယ်ဘူးမှတ်"

ဝုန်း ...။

ဟောဗျာ။

ဝင်သွားပြန်ပြီ။

တိုက်ခန်းဝ သစ်သားတံခါးချပ်ကြီးကို ပြန်ပိတ်သွားပြန်ပြီ။ ဒီမိန်းမ ဘယ်လိုမိန်းမလဲဟ။ လှပတဲ့ မျက်နှာလေးနဲ့ မှ မလိုက် လေကမာထန်ကာ မျက်နှာကျောကြီးကတင်းလို့ ။ တိုပြတ်လွန်းတဲ့ စကားသံလေးကို နားထောင်ပြီး ဘယ်လိုမှ မိတ်ဆွေအဖြစ် ခင်မင်ရင်းနှီးဖို့ ဆိုတာ မဖြစ်နိုင်မှန်း သမိုင်းသစ် ရိပ်စားမိလိုက်သည် ။ ကျွတ်ဆတ်ဆတ် သမိုင်းသစ်အတွက်တော့ ဒီမိန်းမရဲ့ လုပ်ရပ်က ဒေါကန်ချင်စရာပါပဲ။

သို့သော် ...

အခုအချိန်မှာ သူက ပတ်ဝန်းကျင်အသစ်ကို စတင်ခြေချလာတာလေ။

ပြဿနာတက်လို့ မဖြစ်ချေ။

တီးနှောင် ... တီးနှောင်။

တီးနှောင် ...။

တောက် ...။

ဒီတစ်ခါတော့ သဒ္ဓါကြည် လုံးဝသည်းခံနိုင်စိတ်တွေ မရှိတော့ပါ။ သူမရဲ့ မျက်နှာချင်းဆိုင် တိုက်ခန်းလေးကို ပြောင်းလာတဲ့ လူသစ်က လူပါးဝစွာ သူမအခန်းကို ဇွတ်အတင်း ဘဲလ်နှိပ်နေ၏။

သူမ။

ဘယ်ယောကျ်ားနဲ့ မှ စကားပြောချင်စိတ်လည်း မရှိ။ ရင်းနှီးပတ်သက်လိုခြင်းလည်း မရှိပါ။ မုန်းတယ် ... ယောကျ်ားတွေကို အရမ်းမုန်းတယ်။ ဟန်ဆောင်ပြုံးတွေကို ဖန်တီးပြီး သူတစ်ပါးကို ဘယ်လိုအနိုင်ပိုင်းရမလဲ စောင့်ကြည့်နေတဲ့ ယောကျ်ားတွေအားလုံးကို မုန်းတယ်။ သိပ်မုန်းတယ်။

အခုလည်း ကြည့်လေ ...။

ဘယ်လောက်တောင် ဇွတ်တရွတ်ဆန်တဲ့ လူလဲလို့ ။ ဒီလောက်ခါးခါးသီးသီး ငြင်းနေပါလျက် အမှတ်မရှိ အခန်းတံခါးကို ဖွင့်ခိုင်းနေပြန်သည် ။

တီးနှောင်။

ဘဲလ်သံက မြည်လာပြန်တာမို့ အခန်းတံခါးပိတ်ထားလို့ မရတော့မှန်း သဒ္ဓါကြည် ရိပ်စားမိလာသည် ။ အပြတ်သားဆုံးရှင်းဖို့ သူမဘက်က ဆုံးဖြတ်လိုက်မိ၏။

"ကျွီး"

"ဒီမှာ ... ခင်ဗျ ကျွန်တော်က လူကောင်းပါ၊ အခုမှ မန္တလေးကနေ ပြောင်းလာတာပါ၊ ဒီအရှေ့ခန်းကပဲဗျ၊ အဲဒါ မီးချောင်းတွေများ ကျွမ်း နေလားမသိပါဘူးဗျာ တစ်ချောင်းမှ လည်း မလာဘူး၊ အခန်းတစ်ခုလုံး မှောင်မည်းနေလို့ ဖယောင်းတိုင်လေးတစ်တိုင်လောက်ပေးပါဗျာ ...

ဒီအချိန်ကြီးဆိုတော့ ဘယ်ဆိုင်မှ လည်း ဖွင့်မှာ မဟုတ်ဘူး လေ။ ပြီး တော့ တံမြက်စည်းတစ်ချောင်းလောက် ခဏငှားပါနော်၊ အခန်းထဲမှာ လူမနေတာကြာလို့ ဖုန်တွေအများကြီး တက်နေတယ်။ မနက်ကျရင် ကျွ န်တော် ဆက်ဆက်ပြန်ပေးပ့ါမယ်၊ ဒီတစ်ညလေး အိပ်စရာနေရာလေးပဲ ရှင်းမလို့ ပါဗျာ၊ ကျွန်တော့်ကို ကူညီပါနော်၊ သူများ ရဲ့ အိပ်ချိန်ကို နှောင့် ယှက်ရတာ စိတ်မကောင်းပါဘူး၊ အရမ်းကို အားနာပါတယ်ဗျာ၊ ဒီမှာ အ ရမ်းကို အခက်အခဲဖြစ်နေလို့ ပါ"

"ဒီမှာ ကိုအဟ့"

"သမိုင်းသစ်ပါ"

"ရှင့်ဘာသာ သစ်ချင်သစ် မသစ်ချင်နေ"

"ဗျာ"

"ရှင့်ကို လုံးဝမကူညီနိုင်ပါဘူး"

"ဗျာ"

"မကူညီနိုင်ဘူးလို့ ပြောတာ"

"ဟာဗျာ ... ကျွန် ..."

"နေဦး ... ကျွန်မ စကားမဆုံးသေးဘူး"

ဟင် ...။

စိမ်းခါးမာဆတ်နေတဲ့ လေသံနဲ့ အတူ တင်းမာခက်ထန်နေတဲ့ ထိုအမျိုးသမီးရဲ့ မျက်နှာကို သမိုင်းသစ်တစ်ယောက် တအံ့တသြ ငေးကြောင်ကြည့်နေမိသည် ။ လှပဝိုင်းစက်နေတဲ့ သူမရဲ့ အမုန်းမျက်ဝန်းတွေက ဒေါသရောင်တွေနဲ့ စမ်းလက်လို့ နေ၏။

"နောက်တစ်ကြိမ် ... ဒီအခန်းတံခါးကို ထပ်ခေါက်တာတို့ ၊ အခန်းဘဲလ်ကို နှိပ်တာတို့ ထပ်မလုပ်ပါနဲ့ ၊ ဒါဟာ ရှင့်ကို နောက်ဆုံးအနေနဲ့ သတိပေးတာပဲ၊ အဲဒါကိုမှ ထပ်နှောင့်ယှက်ဦးမယ်ဆိုရင် ကျွန်မ အဆိုးမဆိုနဲ့ "

"ဒုန်း"

"ဟာ ... ခင်ဗျာ၊ ဟာ ... ကျွတ် ဘယ်လိုမိန်းမလဲ တောက်"

သူ့ရဲ့ ဒေါသတကြီး ရွယ်လိုက်တဲ့ လက်သီးဆုပ်ကျစ်ကျစ်က လေထဲတွင် ရပ်တန့်သွား၏။ အရှေ့ခန်းက အမျိုးသမီး ရင့်ရင့်သီးသီးဆက်ဆံကာ အခန်းထဲ အတိအကျ ပြန်ဝင်သွားချေပြီ။ သူ့ရဲ့ ပေါက်ကွဲမှုတွေကို တစ်စက်ကလေးမှ အလေးမထားကာ အပြတ်သားဆုံး ငြင်းငယ်ပြီး အခန်းတံခါးချပ်ကြီးကို စေ့ပိတ်သွားချေပြီတည်း။

အခက်အခဲရှိနေလို့ အကူအညီတောင်းတဲ့ ဟာကို တစ်စက်ကလေးမှ အားနာခြင်းမရှိချေ။ ဒါ ... ရန်ကုန်သူတွေရဲ့ စတိုင်လ်လား။ မဟုတ်သေးပါဘူး ... ကျွန်တော် အများ ဆုံး ရန်ကုန်သူ၊ ရန်ကုန်သားတွေနဲ့ ဆက်ဆံဖူးတာပဲ။ အင်မတန်နားထောင်လို့ ကောင်းတဲ့ အချိုသာဆုံးစကားတွေနဲ့ ဖော်ဖော်ရွေရွေ ဆက်ဆံကြတာချည်းပင်။

ဒီအမျိုးသမီးနဲ့ ကြမှ နားထောင်လို့ မကောင်းအောင် စကားအပြောအဆိုက ဆိုးဝါးလွန်းနေသည် ။ မာန်မာနတွေနဲ့ တင်းမာနေတဲ့ မျက်နှာလှလှလေးက ဘယ်လိုမှ မအပ်စပ်စွာ ဒေါသရောင်တွေနှင့် တင်းပြောင်

နေခဲ့၏။

သွားပြီ။

ဘယ်လိုလုပ်ရတော့မလဲ။

ဒယ်ဒီ။

စိတ်အားတွေ ငယ်ကာ ပထမဆုံး အားကိုးတကြီး ရင်ထဲက တမ်းတမိတဲ့ နာမည်လေးတစ်ခု။ ပြီးမှ သူ့ရဲ့ တွေဝေသွားတဲ့ အာရုံတွေကို ပြန်သတိထားမိကာ ခေါင်းလေးကို တအားခါယမ်းပစ်လိုက်သည် ။ အားလုံးကို မေ့ပျောက်ပြီး အောက်ထပ်သို့ ပြန်ဆင်းလာလိုက်၏။

မတတ်နိုင်ဘူး။

တစ်ဖက်တိုက်ခြမ်းက တက္ကစီမောင်းဆရာ ကိုအောင်မင်းဆီသွားပြီး အားနာနာနဲ့ ပဲ အကူအညီတောင်းရတော့မှာ ပဲ။ ရန်ကုန်မှာ သူနဲ့ ရင်းနှီးတာဆိုလို့ ဒီလူပဲရှိတာလေ။

သမိုင်းသစ်တစ်ယောက် ...

တစ်ဖက်လမ်းက တိုက်တန်းကြီးဘက် လျှောက်ခဲ့သည် ။ မိုးအနည်းငယ် စဲသွားသော ခပ်ဖွဲဖွဲမိုးရေထဲ ထီးအဆောင်းမပါဘဲ ထွက်ခဲ့ပြီး ပထမထပ် ခေါင်းလောင်းကြိုးလေးကို ဆွဲလိုက်၏။

သိပ်မကြာပါ။

ကိုအောင်မင်းတစ်ယောက် ဝရန်တာဘက် ထွက် လာပြီး အောက်ကို ငုံ့ကြည့်တာ တွေ့ရသဖြင့် သွားဖွေးဖွေးလေးတွေ ပေါ်သည့်အထိ သမိုင်းသစ်တစ်ယောက် ပြုံးပြကာ လက်ကလေး ဝှေ့ယမ်းပြလိုက်သည် ။

နောက်ဆုံးတော့ ...

ကိုအောင်မင်း ပစ်ချပေးလိုက်သော ဝင်ပေါက်တံခါးသော့ကို ဖွင့်ကာ ပထမထပ်ရှိရာသို့ တက်ခဲ့လိုက်၏။

ကျွီ ...။

တံခါးဖွင့်သံနှင့်အတူ ကိုအောင်မင်းမျက်နှာ ပြုံးစိစိကြီးကို မြင်လိုက်ချိန်တွင် ရှက်ရွံ့စွာ သူ ခေါင်းလေးငုံ့ကျသွားရသည် ။

"ဘယ့်နှယ့်လဲ ... သမိုင်းသစ်၊ မင်းအခန်းတံခါးရော မှားခေါက်မိသေးလား"

"မှားခေါက်မိတာ မဟုတ်ဘူး အစ်ကိုရေ၊ တကူးတကကို သွားခေါက်တာဗျ"

"ဟေ ... ဟုတ်လား ဒါ ဆိုရင်တော့ မင်းရဲ့ ရှိစုမဲ့စု ဒေါသတွေ အကုန်ထွက်မှာ အသေအချာပဲ၊ ပြစမ်း ... မင်းရဲ့ မျက်နှာကြီး"

"ဟာဗျာ ... အစ်ကိုကလည်း "

"ဟား ... ဟား အလကားစတာပါကွာ၊ ကဲ ... ကဲ ဘာလိုသလဲပြော"

"ကျွန်တော့်အခန်း အရမ်းမှောင်နေတယ်ဗျ၊ ဒါကြောင့် ဖယောင်းတိုင်လေးတစ်တိုင်လောက် လိုချင်တယ် အစ်ကိုအောင်မင်း၊ အခန်းက ဖုန်တွေအရမ်းများ နေတော့ တံမြက်စည်းနဲ့ ဂေါ်ပြားလေး ခဏငှားပါဗျာ၊ အဲဒါကို မနက်ကျရင် ပြန်ပေးပါ့မယ်"

"အေးပါကွာ၊ ငါအားလုံးပေးလိုက်ပါ့မယ်၊ ခဏလေးစောင့်"

သမိုင်းသစ်တစ်ယောက် အခန်းတံခါးပေါက်လေးတွင် ရပ်ကျန်ခဲ့မိသည် ။ စောစောကအဖြစ်ကို ပြန်တွေးမိတိုင်း စိတ်ထဲမှာ ဘယ်လိုမှ ဖြေသိမ့်နိုင်စရာ ရှာမတွေ့သေးပါချေ။

ထိုအမျိုးသမီးရဲ့ ပြောဆိုဆက်ဆံပုံများက တစ်ဖက်သား မခံနိုင်လောက်အောင်ပဲ ရင့်သီးလွန်းနေတာလေ။ လှပတဲ့ မျက်နှာလေးနဲ့ မလိုက်ဖက်လောက်အောင်ကို အပေါက်ဆိုးလိုက်တဲ့ အမျိုးသမီးလေးပါပဲ။

"ရော့ ... သမိုင်းသစ်"

"ဩော် ... ဟုတ်ကဲ့အစ်ကို၊ ကျေးဇူးပါပဲ"

"သမိုင်းသစ်"

"ဗျာ"

"စိတ်ဆတ်ကျသွားပြီလား"

"ဗျာ"

"မျက်နှာချင်းဆိုင်အခန်းနဲ့ အဆင်မပြေလို့ လေ"

"ဟာဗျာ ... မကျပါဘူး၊ ဘာလို့ ကျရမှာ လဲ၊ အစ်ကိုကလည်း သူမကူညီနိုင်လို့ မကူညီနိုင်ဘူး ငြင်းတာပဲဟာ၊ အဲဒီလောက်နဲ့ တော့ ကျွန်တော့်စိတ်ထဲ ဘာမှ မထားပါဘူး"

"အေးကွာ ... မင်း အဲဒါတော့ ခွင့်လွှတ်နားလည်ပေးလိုက်ပါ၊ သဒ္ဓါကြည်က မင်းတစ်ယောက်တည်းနဲ့ မှ ဒီလိုဆက်ဆံတာမဟုတ်ပါဘူးလေ၊ ယောကျ်ားတိုင်းကိုပဲ အဲဒီလိုဆက်ဆံတာပါ၊ ဘယ်လိုပြောရမလဲ နာကြည်းချက်တစ်ခုရှိခဲ့တယ် ထင်ပါရဲ့ ၊ ယောကျ်ားတွေကို အခြောက်တိုက် မုန်းနေတာလေ"

"ဗျာ"

"ဟုတ်တယ် သမိုင်းသစ်၊ သူက အဲဒီအခန်းလေးထဲမှာ ပတ်ဝန်းကျင်နဲ့ ပတ်သက်ဆက်နွှယ်ခြင်းမရှိဘဲ တစ်ယောက်တည်း အထီးကျန်နေခဲ့

တာ အခုဆိုရင် လေးနှစ်လောက်ရှိလောက်ပြီပေါ့ကွာ"

"ဩော်"

သူ ...။

ဘာကြောင့်မှန်းမသိ။

ရင်ထဲ နင့်သည်းသွားသလို ခံစားလိုက်ရသည် ။

စာနာသော လေသံအေးအေးလေးနဲ့ ရှင်းပြလာတဲ့ ကိုအောင်မင်းရဲ့ စကားသံတွေကို ငိုင်တွေကာ နားထောင်နေမိ၏။ လေးနှစ်တာကာလပတ်လုံး ထိုအမျိုးသမီးဟာ တစ်ယောက်တည်း သီးသန့်လေးနေခဲ့တာဆိုပါလား။ သိပ်ပြီးထူးဆန်းတဲ့ မိန်းကလေးပဲ။

သမိုင်းသစ်တစ်ယောက် ကိုအောင်မင်းကို နှုတ်ဆက်ပြီး ပြန်သာလာခဲ့ရတာ နားစည်ထဲမှာ တော့ သဒ္ဒါကြည်ဆိုတဲ့ အမျိုးသမီးရဲ့ အကြောင်းလေးတွေက သူ့ရဲ့ အာရုံတွေကို ရှုပ်ထွေးနောက်ကျိသွားအောင် ဖမ်းစားနေခဲ့မြဲပင်။

ဩော် ...။

ယောက်ျားတွေကို မုန်းသတဲ့ လား သဒ္ဒါကြည်ဆိုတဲ့ မိန်းကလေးရယ်။

***